Central Leading Board

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ**
**တားဆီးကာကွယ်ရေး**
**ဗဟိုကြီးကြပ်ရေးအဖွဲ့**

| | |
|---|---|
| ပုံစံ | ၂ |
| လုပ်ငန်း အရေအတွက် | ၇ (မျိုး) |
| သက်တမ်း | ၂ နှစ် |

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်

လိုင်စင်အမှတ် ၀၀၀၈၇၀

(နည်းဥပဒေ ၁၈)



ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၂၉ ရက်

၁။ ၃၀-၅-၂၀၂၂ ရက်စွဲပါ လျှောက်လွှာအမှတ် ၁၂၀၅ ဖြင့် လုပ်ငန်းလိုင်စင် လျှောက်ထားသော Hanssen Energy Recycled Technology Co., Ltd. ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ် ဒေါ်ကျန်းငွေမိ(ခ) မိုးမိုး (ဘ) ဦးကျန်းဝယ်ချန်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ~~နိုင်ငံခြားသားမှတ်ပုံတင်အမှတ်~~ ၁၃/ဆဆန(နိုင်)၀၄၆၁၇၉ အား ဤ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၂။ ခွင့်ပြုသည့်လုပ်ငန်းအမျိုးအစား

သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း။

၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အမျိုးအမည်များ ထားရှိမည့်နေရာ (ပြည့်စုံစွာဖော်ပြရန်)

အမှတ်(၃၆)၊ အမှတ်(၃) လမ်း၊ ငွေပင်လယ် စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် ၂၉-၁၁-၂၀၂၄

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ★ ဗဟိုကြီးကြပ်ရေးအဖွဲ့ ★
စာအမှတ် ၂-၈၇၀
ရက်စွဲ ၂၉-၁၁-၂၀၂၂

29.11.22

ဥက္ကဋ္ဌ
ဗဟိုကြီးကြပ်ရေးအဖွဲ့

## စည်းကမ်းချက်များ

လိုင်စင်ရရှိသူသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

၂။ လိုင်စင်ကို လုပ်ငန်းခွင်၏ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားခြင်း၊

၃။ လုပ်ငန်းနှင့်သက်ဆိုင်သည့် သင်တန်းများ တက်ရောက်ပြီးကြောင်း အထောက်အထားများကို မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားခြင်း၊

၄။ အန္တရာယ်ရှိသည့်အကြောင်းအရာများ ဖော်ပြထားသော စာတန်း သို့မဟုတ် ရုပ်ပုံအမှတ်အသား တံဆိပ်များ ချိတ်ဆွဲထားခြင်း၊

၅။ လုံခြုံရေးကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများ လုံလောက်စွာထားရှိခြင်း၊

၆။ မတော်တဆဖြစ်ပွားမှု လျော့နည်းစေရန်နှင့် ကင်းရှင်းစေရန် ဆောင်ရွက်ထားခြင်း၊

၇။ ထိခိုက်ဆုံးရှုံးမှုအတွက် လျော်ကြေးပေးနိုင်ရန် အာမခံထားခြင်း၊

၈။ အန္တရာယ်ကင်းရှင်းစေရေး ညွှန်ကြားချက်များ လိုက်နာခြင်း၊

၉။ အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများ ထိန်းသိမ်းထားခြင်း၊

၁၀။ အန္တရာယ်ရှိသည့် ပစ္စည်းများသိုလှောင်ခွင့်ရပါက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ခွင့်ပြုသည့်အကြောင်းကြားစာ မိတ္တူပေးပို့ခြင်း၊

၁၁။ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ အသုံးပြုသောလုပ်ငန်းဖြစ်ပါကသက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူခြင်း၊

၁၂။ ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့်အခါ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော ပမာဏနှင့် နေရာသို့ သယ်ဆောင်ခြင်း၊

၁၃။ ခွင့်ပြုသည့်နေရာ ပြောင်းလဲသယ်ယူပို့ဆောင်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက် ထပ်မံရယူခြင်း၊

၁၄။ စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှု၊ ခံနိုင်ရည်ရှိမှုနှင့် ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူခြင်း၊

၁၅။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်ခြင်း သို့မဟုတ် စနစ်တကျ စုပုံထားခြင်း၊

၁၆။ လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

၁၇။ ထည့်သွင်းထုပ်ပိုးထားသည့် ပစ္စည်းများပေါ်တွင် အန္တရာယ်သတိပေး အမှတ်အသားတံဆိပ်ကပ်ခြင်း၊

၁၈။ လုပ်ငန်းလုပ်ကိုင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အာနိသင်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းတို့ကို မမှန်မကန်ကြော်ငြာ၍ မရောင်းချခြင်း။